ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (19-8-2007) (၅၄၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လယ်ယာကဏ္ဍကိုအခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုလယ်ယာစနစ်ကူးပြောင်းရန် ကြိုးပမ်းနေ
လယ်ယာသုံးစက်ကိရိယာများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်
ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လယ်ယာသုံးစက်ကိရိယာစက်ရုံများ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံး စက်ကိရိယာစက်ရုံများ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ရန်ကုန်မြို့ရှိ လယ်ယာသုံး စက်ကိရိယာစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ စက်ရုံအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ အမှတ်(၁) လယ်ယာသုံးစက်ကိရိယာ တပ်ဆင်ရေးအလုပ်ရုံ၊ အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ၊ အမှတ်(၃)နှင့်အမှတ်(၄) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး စက်ရုံ၊ မရမ်းကုန်းမြို့နယ် (၉)မိုင်ရှိ အမှတ်(၁) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံများ၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဝန်ထမ်းအင်အား၊ တပ်ဆင်ထားသည့် စက်ကိရိယာများ၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ အမှတ်(၁) လယ်ယာသုံးစက်ကိရိယာ တပ်ဆင်ရေးအလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာကဏ္ဍကို အခြေခံပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ယနေ့ မိုးလေဝသ

(၁၉-၈-၂၀၀၇)

နေပြည်တော် — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန် — ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး — မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၁-၂၀၀၇
(တနင်္ဂနွေနေ့)

တိုင်းကျိုးပြည်ပြု စာပေတာဝန် ကျေပွန်စွာ ထမ်းဆောင်

စာပေသည် လူမျိုးတိုင်း၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ စာပေပညာရှင်များသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာစာပေ အမွေအနှစ်များကို ဆက်ခံခွင့်ရရှိခဲ့ကြရာ အမျိုးသားရေးအမွေအနှစ်များ မပျက်မယွင်းစေရေး လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ မြန်မာစာပေ ရှင်သန်တိုးတက်ဖြစ်ထွန်းရေး ပင်မရေစီးကြောင်း အရှိန်အဟုန်ဖြင့် စီးဆင်းနေစေရေး ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက စာပေ၏ အဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့် အရေးပါမှုတို့ကို အလေးထားသည်။ တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံတစ်ရပ် ခိုင်ခံ့ဖြစ်ထွန်းနေစေရေး အားပေးကူညီလျက်ရှိသည်။ စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ စာပေပညာရှင်များနှင့် စာပေ လက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး စာပေဆုများ ချီးမြှင့်လျက်ရှိသည်။

စာပေ ပညာရှင်များအနေဖြင့် ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရေး၊ နိုင်ငံတကာ အခြေအနေမှန်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နိုင်စေရေး စာပေဖြင့် ဗဟုသုတပေးနေကြရမည်ဖြစ်သည်။ အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်နေစေရေး စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန်ရှိပေသည်။

အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုလားသော အုပ်ချုပ်ရေးပုံစံ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ပျံ့နှံ့စိမ့်ဝင်လာစေရန် ကြံစည်လုပ်ဆောင်လျက်ရှိချိန်တွင် စာပေပညာရှင်များက မြန်မာတစ်မျိုးသားလုံး အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအားမာန် ထာဝစဉ်နိုးကြားတက်ကြွနေစေရန် စာပေရှုထောင့်မှ ရေးသားကြရမည်ဖြစ်သည်။

စာပေပညာရှင်များသည် ပြည်သူများအား အသိအမြင် ဗဟုသုတ ကြွယ်ဝရေးအတွက် စာပေရေးသားကြရာတွင် အမျိုးသားရေး အကျိုးစီးပွားရေးရှုသည့် စာကောင်းပေမွန်များ ထွန်းကားလာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တိုင်းကျိုးပြည်ပြု စာပေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးနီတွတ်-မိခင်ကြီး ဒေါ်စောရီတို့အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး သမီး ဒေါ်သန်းသန်းမူ (စိန်နဂါး ထန်းလျက်ဆိုင်)မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာဝိစိတ္တ (ပဲခူး)ထံ ဆက်ကပ်လှူဒါန်းရာ အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command **မှ** Political Commissar General, Liu Dongdong **ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command **မှ** Political Commissar General, Liu Dongdong **အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Fan Lian Feng နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ပြန်လည်မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက Political Commissar General, Liu Dongdong အား ခရီးစဉ်မှတ်တမ်းဗီစီဒီကို လက်ဆောင်အဖြစ်ပေးအပ်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်ညီလာခံ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများအဖွဲ့ချုပ်(IFLA) ၏ (၇၃)ကြိမ်မြောက် အထွေထွေ ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ အကြံပေး ပုဂ္ဂိုလ် ဦးချိုအေးသည် ဩဂုတ် ၁၅ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်ကလေးဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် ရန်ကုန်တိုင်းရှိမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်ဆေးကုသမှုခံယူနေသောကလေးများအတွက် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်ကလေး ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကလေးဆေးရုံကြီး၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်ကုသမှု ခံယူနေသော ကလေးငယ်များအတွက် လိုအပ်သည့် သွေးများကို စေတနာသဒ္ဓါထက်သန်စွာ နေ့စဉ် လှူဒါန်းပေးလျက်ရှိကြောင်း၊ ဇူလိုင် ၉ရက်မှစတင်၍ ကလေး ဆေးရုံကြီး၌ သွေးလှူဒါန်းပေးခဲ့ရာ ယခုအခါ သွေးပုလင်းပေါင်း ၄၂၆ ပုလင်းလှူဒါန်းပြီးကြောင်း၊ ဆက်လက်၍ သွေးပုလင်းပေါင်း ၂၀နှင့်၃၀အကြား နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းနှင့် ကလေးမိခင်တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်ကလေးဆေးရုံကြီး သွေးဘဏ်၌ ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၃၅ ဦး သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး ဆေးကုသဆောင်(၂)၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်ဆေးကုသမှု ခံယူသော ကလေးများအား လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(၁၉)

အားပေးစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်ကလေးဆေးရုံကြီး၌ သွေးလှူဒါန်းနေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးအား အားပေးစကားပြောကြားစဉ်။

(၁၉)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတပညာရှင်များအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ကော်မတီ၊ အဖွဲ့များမှ ပညာရှင်ဆရာကြီးများ၊ ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတတို့မှ ပညာရှင်များအား ဂုဏ်ပြုသည့်အခမ်းအနားဖြစ်ကြောင်း၊ ယင်းပညာရှင်များသည် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအောင်မြင်အောင် အမျိုးသားရေးအမြင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသဖြင့် ယခုအကြိမ်ဂုဏ်ပြုခြင်းသည် ဒုတိယအကြိမ်မြောက် ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ပင်မတာဝန်များအပြင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရေးအဖွဲ့၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီးဂီတရွေးချယ်စိစစ်ရေးအဖွဲ့တို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းအဖွဲ့တို့တွင် နိုင်ငံ့ဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပြင်ပမှပညာရှင်များ ပါဝင်လျက်ရှိကြောင်း။

အလေးထားဂုဏ်ပြု

အဆိုပါပညာရှင်များသည် နယ်ပယ်ကဏ္ဍအသီးသီးတို့၌ အတွေ့အကြုံ၊ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျွမ်းကျင်မှု၊ တီထွင်လုပ်ဆောင်ပေးမှုစသည်တို့နှင့် ပြည့်စုံသည့် ပညာဂုဏ်၊ အသက်အရွယ်ကြီးရင့်ကြသော်လည်း နိုင်ငံတော်က ပေးအပ်လာသော တာဝန်ဝတ္တရားများအပေါ် အပင်ပန်းခံကြိုးစားဆောင်ရွက်ပေးခဲ့သော စေတနာနှင့် လုပ်အားဂုဏ်၊ လုပ်ငန်းများကို စိစစ်အကဲဖြတ်ရာတွင် မှန်မှန်ကန်ကန်၊ မျှမျှတတနှင့် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့်ဆောင်ရွက်ပေးကြသည့် သိက္ခာဂုဏ်တို့ကို အလေးထား၍ ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း။

ယခုအခါ ပြည်ပမှ မီဒီယာများသည် စာပေနှင့်အသံလွှင့်ဌာနများမှတစ်ဆင့် နည်းမျိုးစုံသုံး၍ ထိုးနှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အားလုံးသိရှိနေကြပြီးဖြစ်သည့်အတွက် ပညာရှင်များကလည်း မဟုတ်မမှန် ထုတ်လွှင့်မှုများလွှမ်းမိုးမခံရအောင် မီဒီယာနည်းဖြင့် ပြန်လည်တန်ပြန် ဆင်နွှဲသွားကြရန်လည်းလိုကြောင်း။

ပညာရှင်များအနေဖြင့် စာပေ၊ ဂီတ၊ ရုပ်ရှင်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် ယခုထက်ပိုမိုကြိုးစားစိစစ်ပေးကြရန်နှင့် ယင်းသို့စိစစ်ဆောင်ရွက်ပေးကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ဆန်းသစ်တီထွင်

ယခုအခါ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားလာစေရန် ယဉ်ကျေးမှုတက္ကသိုလ်၌ ရုပ်ရှင်ပညာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် ခေတ်မီရုပ်ရှင်လုပ်ငန်းသုံး စက်ကိရိယာများကိုလည်း ဖြည့်တင်းထားပြီးဖြစ်ကြောင်း၊ ဂီတပညာကိုလည်း ယခုထက်ပိုမိုကောင်းမွန်အောင် ဆန်းသစ်တီထွင်ပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ မီဒီယာ ပညာရပ်ကိုလည်း တက္ကသိုလ်များတွင် သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စာပေ၊ ဂီတနှင့်ရုပ်ရှင်လောကသားများသည် အတွေးအခေါ်၊ အမြင်အမျိုးမျိုး ရှိကြသော်လည်း အမျိုးသားရေးအကျိုးစီးပွားအပေါ်ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မီဒီယာလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းနှင့် စာပေဆုများ စိစစ်ရွေးချယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုပ်ရှင်၊ ဂီတ၊ ဗီဒီယိုအဖွဲ့တို့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုဆုငွေများကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၂၀၀၆-၂၀၀၇ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ပါဝင်သောပုဂ္ဂိုလ်များကိုယ်စား စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရေးအဖွဲ့ ၂၀၀၇-၂၀၁၀ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ၂၀၀၅ ခုနှစ် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့၊ ၂၀၀၆ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင်ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင် ဒေါ်ပိုပိုကြည်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီးဂီတ ရွေးချယ်ရေးအဖွဲ့များတွင်ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင်မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)တို့အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုခံပုဂ္ဂိုလ်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)



အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် လက်ထောက်မန်နေဂျာရာထူး(၁၀)နေရာအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ဩဂုတ် ၁၂ရက်နှင့် ၁၃ရက်တို့တွင် နေပြည်တော်ရှိ အမှတ်(၅)နှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသည်။

အဆိုပါ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပသည့် စာစစ်ဌာနများသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်တို့က လိုက်လံကြည့်ရှု စစ်ဆေးကြကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀:၀၀	တေးဂီတအစီအစဉ်
၇:၀၅	ဝဋ်ရှိလျှင်လည်းခံပါမယ် တရားတော်(အပိုင်း-၁) ဘဒ္ဒန္တ အရှင်ပညာဒီပ (ဟင်္သာတဆရာတော်)	၁၀:၀၅	မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာဘောလုံးအသင်း
၇:၅၀	Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဒေါက်တာသန့်သော်ကောင်း)	၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅	တေးဂီတအစီအစဉ်	၁၀:၃၀	သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ)
၈:၅၀	ကျန်းမာရေးနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်	၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၉:၀၀	နိုင်ငံတကာအနုပညာရေးရာ	၁၁:၀၅	သီးပွင့်ဝေဆာပဒေသာ (ကျွဲကော)
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း	၁၁:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	ACTIVITIES IN THE CITY	၁၁:၂၅	ပီတိ၏ကြည်နူးမှုပုံရိပ်များ
		၁၁:၄၀	တေးဂီတအစီအစဉ်
		၁၁:၄၅	မြန်မာ့မော်ကွန်း
		၁၂:၃၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၂:၃၅	Movie Mistakes (Mr & Ms Smith)
		၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Man City-Man United	ESPN(Live)
၈:၂၄	Blackburn-Arsenal	Star Sports(Live)
၉:၂၄	Liverpool-Chelsea	ESPN(Live)

အနာဂတ်ကာလမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်အတွက် "စည်းကမ်းပြည့်ဝသော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်

❀ ကျောဖုံးမှ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** ဟု ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဖော်ပြချက်အရ အနာဂတ်ကာလမြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ် ညီညွတ်စေဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်တဲ့အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများ အနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက်(၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက်၊ စုစုပေါင်း(၁၅)ချက်ပါရှိတာလေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄) အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ပါက ပိုမိုပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်"

လို့ ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို (ခ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်း ချမှတ်စဉ်က **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး"**ဟူ၍ ဦးတည်ချက်ပါရှိခဲ့ပါတယ်။ **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"**ဟုလည်း ချမှတ်ခဲ့ပြီး နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**ဟုဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ် ညီညွတ်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့်အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၄ တွင် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါအပိုဒ် ၂အပိုဒ်ခွဲ(က) နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ သုံးနှုန်းထားတာတွေ့ရပါတယ်။ ဒီလိုသုံးနှုန်းထားတာဟာ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကျင့်သုံးရမည့် ဒီမိုကရေစီစနစ်သာ ဖြစ်ကြောင်းလေးနက်ပေါ်လွင်စေလို၍ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(၁)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီဆိုသည့် စကားရပ်အစား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၁၉၉၃ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး"** အတွက် **"နိုင်ငံတော်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"**ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်"**ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အပိုဒ်(၂)၊ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** လို့ ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
- မြို (ခ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"အနာဂတ်ကာလ ကျွန်တော်တို့ နိုင်ငံမှာကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို၍လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် ရှေ့၊ နောက်စကားရပ်ညီညွတ်စေရန်အတွက်လည်းကောင်း **" စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"** လို့သာ သုံးနှုန်းသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် **" နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**လို့ ဖော်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် ရှေ့၊ နောက် စကားရပ် ညီညွတ်စေရန် **" စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ် (လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ်၂၊ အပိုဒ်ခွဲ (က)တွင် **" နိုင်ငံရေးပါတီ တစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** လို့ ဖော်ပြခဲ့ပါတယ်။ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့သုံးနှုန်းထားတာဟာ အနာဂတ်ကာလ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ် ညီညွတ်စေရန် **" စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **" စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **" စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

အနာဂတ်မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာလည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်သာဖြစ်သင့်တာမို့ ယခင်ရေးသား သုံးနှုန်းခဲ့တဲ့ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ (၄)၊ အပိုဒ် (ဂ)နဲ့ အပိုဒ် (လ) စာသားများမှာ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း "ပြည်ထောင်စု တရားလွှတ်တော်ချုပ်" လို့ သုံးစွဲသင့်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက

"၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)တွင် **"နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်"** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂) တွင် **"ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်"**ဟု လည်းကောင်း၊ အပိုဒ်(၃) တွင် **"ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာများရှိသည်"**ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** ဟု ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စု တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက–

"တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"** ဆိုတဲ့စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာ ပေါ်လွင်စေရန်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မရှိစေရန်လည်းကောင်း၊ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ပြင်ဆင်ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါမှာ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက်၊ စုစုပေါင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

(၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း (၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊(၂)၊(၃) တို့ရှိ **"ပြည်ထောင်စု တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်လည်း သင့်တော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်ခွဲ(၂)တွင် **"ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော် တစ်ရပ်ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်"** ဟု ချမှတ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်းများ ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရား လွှတ်တော်ချုပ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊(၂)၊(၃)တို့ရှိ **"ပြည်ထောင်စု တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"** ဆိုတဲ့ စကားရပ်နဲ့တူညီမှုမရှိဘဲ ကွဲပြားခြားနား ပေါ်လွင်စေလို၍ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊ နောက်စကား ရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်းပေါ်ပေါက် မှုမရှိစေရန်လည်းကောင်း **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ သုံးစွဲသင့်ပါတယ်။

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊(၂)၊(၃)တို့ရှိ **"ပြည်ထောင်စု တရားလွှတ်တော်"**ဆိုတဲ့စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"** ဆိုတဲ့စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာ ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန်နှင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ)၊ အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာ သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

စာမျက်နှာ ၆ ကော်လံ ၁ သို့

❖ စာမျက်နှာ ၄ မှ

"အနာဂတ်ကာလ မြန်မာနိုင်ငံမှာကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်ညီညွတ်စေရန်တို့အတွက် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**လို့ ဖော်ပြခဲ့တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ် ညီညွတ်စေရန် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ခ) အပိုဒ်ခွဲ (၄)၊ အပိုဒ် (ဂ)နဲ့ အပိုဒ် (လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ ယင်းအပိုဒ် ၂၊ အပိုဒ်ခွဲ (က)မှာ **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** လို့ **"စည်းကမ်းပြည့်ဝသော"** ဆိုတဲ့ စကားရပ် ထည့်သွင်းဖော်ပြထားပါတယ်။ အနာဂတ်မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာလည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်သာဖြစ်သင့်တာမို့ ယခင်ရေးသား သုံးနှုန်းခဲ့တဲ့ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ (၄)၊ အပိုဒ် (ဂ)နဲ့ အပိုဒ်(လ) စာသားများမှာ **"စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**လို့ သုံးနှုန်းထားတာတွေ့ရပါတယ်။ အနာဂတ်ကာလမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်အတွက် **"စည်းကမ်းပြည့်ဝသော"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ဖြည့်စွက်ဖော်ပြခြင်းဖြင့် ရှေ့၊ နောက် ဖော်ပြချက်များလည်း လိုက်လျောညီထွေ ရှိစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ (၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ် (လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ် (ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်" လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်၂၂၊ အပိုဒ်ခွဲ (ဇ)တွင် **" သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** လို့ ဖော်ပြခဲ့ပါတယ်။

အဲဒီ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ အပိုဒ် ၃၄၊ အပိုဒ်ခွဲ(ဆ)တွင် **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည်။ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် စပ်လျဉ်းပြီး ခန့်ထားသည့် နည်းလမ်းမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်"** လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(င)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌများ၏ အမည်စာရင်းနှင့်သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ဖို့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ဖို့ နိုင်ငံတော်သမ္မတထံ တင်ပြရမှာ ဖြစ်ပါတယ်။

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)အရဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ကောက်နုတ်စုစည်းချက်များ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် အလိုအလျောက် တာဝန်ပေးခန့်အပ်ရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အခြားအရည်အချင်းများနဲ့ပြည့်စုံသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက်(၃၅)နှစ်အောက် လျော့နည်းနေသူဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း **" အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့စကားရပ်အစား **" နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ်၂၂၊ အပိုဒ်ခွဲ (ဇ)တွင်**"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်း မပြုဘဲနေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ အသေးစိတ် အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** ဟူသော စကားရပ်အစား **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**ဟူ၍ ပြင်ဆင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ကို **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❒

❍ **စာမျက်နှာ ၅ မှ**

– တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို့ (ခ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်နဲ့တူညီမှုမရှိဘဲ ကွဲပြားပေါ်လွင်စေရန်အတွက် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန်အတွက် လည်းကောင်း၊ **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ)၊ အပိုဒ်ခွဲငယ် (၁)၊ (၂)နှင့် (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ထွန်းမောင်တို့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံမည့်မူများ ချမှတ်သည့်အခါ အပိုဒ် (၁)မှ အပိုဒ် (၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ် (၁)၊ အပိုဒ် (၂)နှင့် အပိုဒ် (၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"** ဆိုတဲ့ စကားရပ်နဲ့တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ)၊ အပိုဒ်ခွဲ (၁)၊ (၂)နှင့် (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**ဟု ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း၊ နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊အပိုဒ်ခွဲ(၁)၊ (၂)၊(၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခင် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့မှာပါရှိတဲ့ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"** လို့ ပြင်ဆင်ဖြည့်စွက်မှုမှာလည်း ကြောင်းကျိုး ညီညွတ်တဲ့အတွက် ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စု တရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်တာကြောင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တို့နှင့် တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့တွင် **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**ဟု ဖော်ပြခဲ့တာကြောင့် ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန် နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ (၁)၊ (၂)၊ (၃) တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"နိုင်ငံတော်အခြေခံမူများအခန်း အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဌ)တွင်–

"(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်"လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ) တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"**ဟု လည်းကောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

❒ စာမျက်နှာ ၆ မှ

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက်(၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း(၁)ချက် စုစုပေါင်း (၁၅)ချက် ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့သုံးနှုန်းထားတဲ့အတွက် လျှော့ပေါ့စဉ်းစားခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားခြင်းမပြုဘဲနေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် ဖော်ပြပါအသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ သုံးနှုန်းသင့်ပါသည်ဆိုသော စကားရပ်နှင့်အညီ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန်နှင့် နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)အား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
– မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်းများ မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ကို **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ် အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဓ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ပါ စကားရပ်အား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေဖို့နှင့် နောင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမျိုး မဖြစ်စေရအောင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ရန် စဉ်းစားနိုင်သည်ဆိုသည့်အစား **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**ဟု ပြင်ဆင်ချမှတ်ရန်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** ဆိုတဲ့စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

❖ စာမျက်နှာ ၇ မှ

အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င) တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ် ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် အားလည်းကောင်း တာဝန်ခံရမည်"**ဟု လည်းကောင်း ဖော်ပြခဲ့ ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်း ကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေး အကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစု အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပါတီက

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်း ချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံ ရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င) တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င) တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန် မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်၊ ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်း ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူ လယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရ မယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင်ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံ ရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

● မီသိန်းဓာတ်ငွေ့မှ

သုတေသနသိပ္ပံမှ ပါမောက္ခ မိုက်သီ အိုဒိုရူးက ပြောကြားသည်။

သုတေသီများ၏လေ့လာချက်အရ ဗြိတိန်နိုင်ငံ၌ မှန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ခုနစ်ရာခိုင် နှုန်းမှာ နွားမွေးမြူရေးခြံများမှ ပေါ် ထွက်ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ၌ မွေးမြူထားသော နို့စားနွားများမှ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ တစ်ရက်လျှင် လီတာ ၁၀၀မှ ၂၀၀ အထိရှိပြီး နွားစာကို ပြုပြင်ပြောင်းလဲပေးခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ မျှော်မှန်းချက်မှာ နွားစာအဖြစ် အသုံးပြုမည့် အပင် ငယ်များကို မျိုးဗီဇ အင်ဂျင်နီယာ နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ကာ နွား များက မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု ကို လျှော့ချနိုင်ရန်ဖြစ်သည်။

အင်တာနက်

ဩဂုတ် ၁၂ ရက်က ရေနီအမှတ်(၂) စက္ကူစက်ရုံ၌ ကျင်းပသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူ နှင့် ဓာတုဗေဒလုပ်ငန်း နှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းတို့မှ ၂၀၀၆–၂၀၀၇ ခု ပညာသင် နှစ်တွင် အတန်းအသီးသီး၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူတို့အား ပညာရည်ချွန်ဆု ပေးအပ်ပွဲ တွင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန် ကြားရေးမှူး ဦးအေးမောင် ပညာရည်ချွန်ဆု ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၈–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အချစ်ဆိုသောအရာ
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၅။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅	၆။	သာယာတီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –မြင်မြင်ချင်းပဲကွယ် (အပိုင်း–၂၄)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ) (အပိုင်း–၂၆)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

* ရှေ့ဖုံးမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကထုတ်လုပ်ထားသည့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် ပါဝါမြင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်နှင့် အခြောက်ခံစက်ကိရိယာများ၊ ခေတ်မီဆန်စပါး ကြိတ်ခွဲစက်များ၊ ခြေနင်းရေတင်စက်နှင့် အနိမ့်တင်၊အမြင့်တင်ရေတင်စက်များ၊ အခြားလယ်ယာသုံး စက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်အောင်နှင့် သတ်မှတ်ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင်ထုတ်လုပ်ရေး၊ လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ၏ တီထွင်ကြံဆမှုမှတစ်ဆင့် ပေါ်ထွက်လာမည့် ရလဒ်ကောင်းများမှာ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့်တောင်သူများအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့စက်မှုလယ်ယာ စက်မှုနယ်မြေရှိ အမှတ်(၄) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြပြီး သံရည်ကျိုခြင်း၊ လယ်ယာသုံးစက်ကိရိယာများအတွက် Shaft များ၊ Gear များနှင့် နှစ်သွားလင်ပန်းထယ် ထုတ်လုပ်ဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁) လယ်ယာသုံး စက်ကိရိယာတပ်ဆင်ရေး အလုပ်ရုံသို့ရောက်ရှိပြီး လယ်ယာ(၁၆)နှင့်(၂၂)တို့အတွက် အင်ဂျင်နှင့်ဂီယာဘောက်များ တပ်ဆင်ခြင်း ဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ၌ လယ်ယာ(၂၂) လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများ၏ အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၃) လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်အတွက် အင်ဂျင်အစိတ်အပိုင်းများနှင့် ဓားစက်ထွန် (Blade Shaft) တို့ ထုတ်လုပ်မှု၊ Mould and Die များ ပြုလုပ်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် နမူနာယူရန် ပြသထားသော Combine Harvester နှင့် စက်မှုလယ်ယာဦးစီးဌာနက စမ်းသပ်ထုတ်လုပ်ထားသော စက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပင်မပစ္စည်း သိုလှောင်ရုံ(က)၌ ကြက်ဆူကျားဆီ (Castor) မှ ဇီဝစက်ချောဆီ တစ်လလျှင် ဂါလန် ၂၀၀၀ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ စက်ရုံ၊အလုပ်ရုံတို့ရှိ စက်ပစ္စည်းများနှင့် လယ်ယာသုံးထွန်စက်ကြီးများတွင် အင်ဂျင်ဝိုင်၊ ဂီယာဝိုင်အဖြစ် အသုံးပြုရန် အတန်းအစားအလိုက်၊ ကဏ္ဍအလိုက် ထုတ်လုပ်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်မှုလယ်ယာဦးစီးဌာန ကျိုက္ကလို့ စက်မှုလယ်ယာစက်ရုံစု နယ်မြေ၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော စပါးအခြောက်ခံစက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မရမ်းကုန်းမြို့နယ် (၉)မိုင်ရှိ အမှတ်(၁) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်များအတွက် ကိုယ်ထည် အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ Gear Box များ သွန်းလောင်းနေမှု၊ Gear Box များကို စက်စားခြင်းဆောင်ရွက်နေမှု၊ လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်များကို အပြီးသတ် တပ်ဆင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံများမှ ယခုနှစ် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း လယ်ယာ(၂၂) လက်တွန်းထွန်စက် အစီးပေါင်း ၁၅၀၀ ထုတ်လုပ်ရန် လျာထားသည့်အနက် ယခုအခါ အစီး ၅၈၀ ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် **Jinan Military Region Command** မှ **Political Commissar General,Liu Dongdong** ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ မြရိပ်ညိုဟိုတယ်မှ အနုပညာရှင်များ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ညစာမသုံးဆောင်မီ မြရိပ်ညိုဟိုတယ်မှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ကပြဖျော်ဖြေကြသည်။ အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၇ရက် နံနက် ၉နာရီခွဲတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါ၍ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန အရာထမ်းများတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ပြည်တွင်းအခွန်များဦးစီးဌာန အရာထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ရသင့်ရထိုက်သည့်အခွန်ငွေများ ပြည့်ပြည့်ဝဝရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅ ၆။ အကပြိုင်ပွဲ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Say it in English.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **မြန်မာရုပ်ရှင် "ပန်းဒဏ္ဍာရီ" (ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဟိန်းစိုး)**
၁:၄၅ ၅။ အတီးပြိုင်ပွဲ
၁:၅၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှမက်မွန်နှင့်မက်မန်း)
၂:၀၅ ၇။ တေးဂီတအစီအစဉ်
၂:၁၅ ၈။ အတီးပြိုင်ပွဲ
၂:၃၀ ၉။ **"စက်မှုတပ်ဆင်လုပ်ငန်းခွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ အတီးပြိုင်ပွဲ
၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီရိဂေဟာ
၇:၀၀ ၁၁။ **သစ်ရွက်ဆွေး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း) ဒါရိုက်တာ-ဖုန်းမြင့်အောင်**
၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၅၃)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး (အပိုင်း-၁၆)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၅)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၇)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၄)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်/ဝါး) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားများကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီတွင် ယင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းအသီးသီးသို့ သင်တန်းသူ စုစုပေါင်း ၃၄ဦး သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၇)နှင့်အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်/ဝါး)အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားများကို ယင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ညွန့်တင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းအသီးသီးသို့ သင်တန်းသူ စုစုပေါင်း ၇၆ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဒီမောဆိုမြို့နယ်မှ ပဒေါင်လူမျိုး သင်တန်းဆင်း သင်တန်းသူ သုံးဦးအား မောင်မြန်မာအပ်ချုပ်စက်တစ်လုံးစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းဆတ်၊ တာချီလိတ်နှင့် မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကိုလည်း အဆိုပါ နေ့တွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အမရပူရမြို့ ဗားကရာတိုက် ဓမ္မရတနာကျောင်းမှ ဒီဃဘာဏက ဆရာတော် အရှင်ခေမာနန္ဒက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒက ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တောင်တန်းသာသနာပြုအဏ္ဏဝါမိသားစုအဖွဲ့ စတုပစ္စယငွေပဒေသာပင်ပေးအပ်လှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ တောင်တန်းဒေသဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစုက နယ်စပ်နှင့် တောင်တန်းဒေသ ဗုဒ္ဓသာသနာပြု လုပ်ငန်းများအတွက် ဒုတိယအကြိမ် စတုပစ္စယငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အဏ္ဏဝါမွှောရုံ၌ ကျင်းပရာ အဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ကြပြီး အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ အဏ္ဏဝါ ဦးသန်းအောင်နှင့် အဏ္ဏဝါမိသားစုများ တက်ရောက်ကြသည်။

စတုပစ္စယငွေပဒေသာပင်အဖြစ် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် တရုတ်ကျောင်းလမ်းနေ ဦးကျော်စိုးမင်း(E/O)-ဒေါ်မိုးမြတ်မြတ်မိုး၊ သား မင်းကောင်းမြတ်၊ သမီး လင်းလွန်းအိမ် မိသားစုတို့က ငွေကျပ် ၂၅ သိန်း**(အောက်ပုံ)**နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နာယက ဦးမောင်မောင်လေး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့က လက်ခံရယူကြစဉ်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးခင်မောင်မြင့် အင်းစိန်နှင့် ကမာရွတ်မြို့နယ်မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် ညီလာခံကြီးနှင့်စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ကမာရွတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးဗိုလ်စောနှင့် အင်းစိန်မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်တို့က အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးဦးခင်မောင်မြင့်က မြို့နယ် အသင်းများ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်အသင်း ရှေ့လုပ်ငန်းစဉ်များ တိုးတက် အောင်မြင်စေရေး အတွက် ပြည်သူများနှင့် လက်တွဲဖော်ဆောင်သွားကြရန် မှာကြားပြီး အသင်းဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးခင်မောင်မြင့်က ကမာရွတ်မြို့နယ်နှင့် အင်းစိန်မြို့နယ် အသင်းများအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ လှူဒါန်းငွေ ကျပ်ငါးသိန်းစီကို ပေးအပ်ရာ သက်ဆိုင်ရာအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက လက်ခံကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အဖွဲ့သည်ကမာရွတ်မြို့နယ် ကျွန်းတောလမ်းမကြီးရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဆောက်လုပ်မည့် မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အရန်သားဖွား သင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက်က မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်မြင့်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ထို့နောက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး **(အောက်ပုံ)**နှင့် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်သီသီရှိန်တို့က သင်တန်းသူများအား ထောက်ပံ့ငွေနှင့် သင်တန်းမှတ်စုစာအုပ်များကို ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ခြောက်လကြာပို့ချမည်ဖြစ်ပြီး သင်တန်းသူ ၁၀ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ အောက်ပုဇွန်တောင် အနော်ရထာလမ်းနေ ကွယ်လွန်သူ ညီမဖြစ်သော ဒေါ်ခင်မြင့်လေး (ရုပ်ရှင် မင်းသမီးဟောင်း)အား ရည်စူး၍ ဦးဆွေထင်၊ ဦးရွှေပိုင်၊ ဦးဘသန်း (လူမှုထူးချွန် တတိယဆင့်) မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

ဇူလိုင် ၂၈ ရက်က ပုသိမ်မြို့ အထက(၁)တွင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ပုသိမ်မြို့ ကိုးဆူကျောင်းလမ်းနေ ဦးကျော်နိုင်ထွန်း-ဒေါ်မူမူသန်းတို့က ကျောင်းဖွံ့ဖြိုးရေး အလှူငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအပူပိုင်းဒေသ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း စီမံကိန်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ KOKUSAI KOGYO ကုမ္ပဏီတို့၏ မြန်မာနိုင်ငံအပူပိုင်းဒေသ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစီမံကိန်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် ညနေပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။

အစီအစဉ်အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် ဂျပန်နိုင်ငံ KOKUSAI KOGYO ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ Mr. Nakamura Kinya တို့က အမှာစကားပြောကြားကြပြီး စီမံကိန်းလုပ်ငန်းများ ကြီးကြပ်ရန်အတွက် စာချုပ်လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

✱ မကွေး–ပျော်ဘွယ်မှ

ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း အင်အား ၁၅၀၀ကျော်နှင့်အတူ ခြံစည်းရိုး ကြက်ဆူပင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်ကို တပျော်တပါး စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၉ နာရီတွင် မကွေးတိုင်း ရေနံချောင်း–မကွေး ကားလမ်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံချောင်း ရေနံမြေက ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်တွင် ရေနံချောင်း ရေနံမြေ အထွေထွေမန်နေဂျာ ဦးတင်မောင်ရီက လျှိုမြောင်များတစ်လျှောက် မြေယာများ ဖော်ထုတ်ကာ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည်တက်ရောက်လာကြသော ဝန်ထမ်းများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား တစ်ထောင်ကျော်နှင့်အတူ ခြံစည်းရိုးကြက်ဆူပင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်ကို တပျော်တပါး စိုက်ပျိုးပေးသည်။ စွမ်းအင်ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့အထိခြံစည်းရိုး ကြက်ဆူပင်ပေါင်း တစ်သန်းခွဲကျော်စိုက်ပျိုးပြီးဖြစ်သည်။

စစ်ဆေးကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ ချောက်ရေနံမြေ အတွင်းရှိ ရွှေပုံတောင်ဘုရားအနီး တစ်ဝိုက်တွင် ၂၀၀၆ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ ၂၀၀၀ပြည့်နှစ်တွင် စိုက်ပျိုးခဲ့ပြီးအောင်မြင် ဖြစ်ထွန်းလျက်ရှိသော ရတနာတန်းဝင်ကျွန်းပင်များကိုလည်းကောင်း လှည့်လည်စစ်ဆေးကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးရှဉ့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ ငါးရှဉ့်ငယ်များ တင်ပို့ခြင်းမပြုရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၈

ငါးရှဉ့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းနှင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်တို့က ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်း ငါးရှဉ့်လုပ်ငန်းရှင် ကိုယ်စားလှယ်များကအသီးသီး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ဈေးကွက်လိုအပ်ချက်အရ ငါးရှဉ့်များ တင်ပို့ရောင်းချရာတွင် ဈေးနှုန်းထိန်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ငါးရှဉ့်မှာ နိုင်ငံတော်၏ သယံဇာတဖြစ်သည့်အတွက် ငါးရှဉ့်မျိုး မပြုန်းတီးစေရန် သတ်မှတ်အရွယ်ထက်ငယ်သော ငါးရှဉ့်များကို တင်ပို့ခြင်း မပြုရန်ကိုလည်းကောင်း ဆွေးနွေးမှာကြား၍ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်တို့က အသီးသီးပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လသာမြို့နယ် (၂)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက်က အမက(၁)၌ ပြုလုပ်ရာ မြို့နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင် အမှာစကား ပြောကြားစဉ်။ (၄၁)



ဝေဠုဝန်နိကာယဂိုဏ်း သာသနာပိုင်မဟာထေရ် ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်မှ ပဓာနနာယက သက်တော် (၉၁)နှစ် သိက္ခာတော် (၇၁)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာဂဝံသ ဝေဠုဝန်နိကာယဂိုဏ်း သာသနာပိုင်မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၄ရက်၊ ဩဂုတ် ၁၇ရက် (သောကြာနေ့) ည ၉နာရီ ၁၅မိနစ်တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီး အန္တိမစျာပနအခမ်းအနားကို ဩဂုတ် ၂၃ရက် မွန်းလွဲ ၁နာရီတွင် ဝေဠုဝန်ကျောင်းတိုက်ကြီးမှတစ်ဆင့် သရောင်းချောင်းသုသာန်၌ အန္တိမစျာပနသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပရိသတ်စိတ်ဝင်စားနေကြသည့် အကြိုဗိုလ်လုပွဲများ

နေပြည်တော် ဩဂုတ် ၁၈

သတင်းဆောင်းပါး – ဇော်မင်းအောင်(၁၀၇)

အားကစားဝန်ကြီးဌာန နှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် (ရှုံး/ထွက်) အဆင့်ပွဲစဉ်များ ဩဂုတ် ၁၇ရက်က ပြီးစီးသွားပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းတို့အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲများကို နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၀ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အသင်းနှင့်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ဩဂုတ် ၂၁ရက်တွင် ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသား ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဖြစ်စေရန်၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့၏တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အသင်း ၃၅သင်းအား အုပ်စုရှစ်အုပ်စုခွဲ၍ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဒုတိယအဆင့် ပြိုင်ပွဲသို့ ၁၆သင်း တက်ရောက်ခဲ့သည်။ ယင်း ၁၆သင်းအားအုပ်စု လေးစုခွဲ၍ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်စေခဲ့ရာ (ကက)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းသည် မွေး/ရေကို (၄း၀)ဖြင့်လည်းကောင်း၊ အမှတ်(၁)စက်မှုကို (၂း၁)ဖြင့်လည်းကောင်း၊ နယ်စပ်/စည်ပင် အသင်းကို(၂း၁)ဖြင့်လည်းကောင်းနိုင်ပြီး သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမရရှိ ခဲ့သည်။

၎င်းအုပ်စုမှ မွေး၊/ရေအသင်းသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို (၀း၄)ဖြင့် ရှုံးနိမ့်ကာ နယ်စပ်/စည်ပင်အသင်းကို (၂း၀)ဖြင့် အနိုင်ရခဲ့ပြီး အမှတ်(၁)စက်မှုအသင်းနှင့် (၁း၁)ဖြင့် သရေကစားကာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ရကာ (ကက)အုပ်စု ဒုတိယဖြစ်ခဲ့သည်။

(ခခ)အုပ်စုမှ ဘဏ္ဍာ/အခွန်အသင်းသည် သမဝါယမအသင်းကို(၉း၁)ဖြင့်လည်းကောင်း၊ သစ်တောရေးရာအသင်းကို (၈း၃)ဖြင့်လည်းကောင်း၊ စီးပွား/ကူးသန်းအသင်းကို (၂း၀)ဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမ ရခဲ့သည်။ ၎င်းအုပ်စုမှ စီးပွား/ကူးသန်းအသင်းသည် ဘဏ္ဍာ/အခွန်အသင်းကို (၀း၂)ဖြင့် ရှုံးနိမ့်ခဲ့ပြီး သစ်တောရေးရာအသင်းကို (၃း၀)ဖြင့်လည်းကောင်း၊ သမဝါယမအသင်းကို (၆း၀)ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်ရကာ အုပ်စုဒုတိယ ဖြစ်ခဲ့သည်။

(ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းသည် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို (၆း၀)ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို (၅း၀)ဖြင့်လည်းကောင်း အနိုင်ရကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့်(၃း၃)ဖြင့် သရေကျကာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အုပ်စုပထမရခဲ့သည်။ အလားတူ(ဂဂ)အုပ်စုမှရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းသည် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် (၂း၂)သရေ၊ အားကစားဝန်ကြီး ဌာနအသင်းနှင့် (၃း၃)သရေကျကာ၊ ယဉ်ကျေးမှုဝန်ကြီး ဌာနအသင်းအား (၁၀း၀)ဖြင့် အနိုင်ရပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် အုပ်စု ဒုတိယရခဲ့သည်။

(ဃဃ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ပညာရေးဝန်ကြီးဌာန အသင်းကို (၃း၀)ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချ ထားရေးအသင်းကို (၃း၁)ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အလုပ်သမားဝန်ကြီးဌာနအသင်းကို (၂း၃)ဖြင့်ရှုံးကာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုပထမရခဲ့သည်။ ၎င်းအုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းသည် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို (၃း၂)ဖြင့် အနိုင်ရရှိခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန် ကြီးဌာနအသင်းနှင့် (၁း၁)ဖြင့်သရေ၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့်(၀း၀)သရေကျခဲ့ပြီး တစ်ပွဲ နိုင်၊ နှစ်ပွဲသရေ၊ ငါးမှတ်ဖြင့် အုပ်စုဒုတိယ ရခဲ့သည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှ အုပ်စုပထမနှင့် ဒုတိယရရှိသော အသင်းရှစ်သင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများကို ၁၄–၈–၂၀၀၇နေ့မှ ၁၇–၈–၂၀၀၇နေ့ထိ ကျင်းပခဲ့ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို (၄း၂)၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို (၂း၀)၊ အားကစားဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို (၇း၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို (၃း၂)တို့ဖြင့်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ခဲ့ကြသည်။

အကြိုဗိုလ်လုပွဲတွင် လူငယ်များဖြင့် ဖွဲ့စည်းထားပြီး တစ်သင်းလုံး စုစည်းညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ကစားတတ်သော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဘောလုံးအသင်း၊ သမ္မာ၊ ပညာဖြင့် တစ်သင်းလုံး အချိတ်အဆက်မိမိ ခွင်ချကစားတတ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ မြန်မာ့လက်ရွေးစင်ဟောင်း ဦးတင်မျိုးအောင် (နည်းပြ)၊ ဦးမျိုးသက်(ဦးစီးအရာရှိ)၊ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်သော လူငယ်သွေးသစ်များဖြင့် ဖွဲ့စည်းထားပြီး တစ်သင်းလုံး စုစည်းညီညွတ်စွာ ခွန်အားပြည့်တွန်းတွန်းတိုက်တိုက် ကစားတတ်သော အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အချိတ်အဆက်မိမိ တစ်ဦးနှင့် တစ်ဦး နားလည်မှုများဖြင့် စုစည်းညီညွတ်စွာ ကစားတတ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သည့်အသင်း အနိုင်ရကာ ဗိုလ်လုပွဲသို့တက်မည်ဆိုသည်ကို ဘောလုံးပရိသတ်များ စိတ်ဝင်တစား မျှော်လင့်စောင့်စားနေကြပေသည်။ ။

ဘင်္ဂလားပင်လယ်အော် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများ တည်ဆောက်ရန် ကမ္ဘောဒီးယားအစိုးရ ခွင့်ပြုချက်လိုင်စင် ထုတ်ပေး

ဖနောင်ပင် ဩဂုတ် ၁၇

ကမ္ဘောဒီးယားအစိုးရသည် ပင်လယ်ကမ်းရိုးတန်းရှိ ကျွန်းများတွင် ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများ တည်ဆောက်ရန် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီခြောက်ခုကို ခွင့်ပြုချက်လိုင်စင်များ ထုတ်ပေးလိုက်ကြောင်း ဩဂုတ် ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လက်မှတ်ရေးထိုး

ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချန်ပရာဆစ်သည် ကျွန်းများတွင် ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများ ထူထောင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ချန်ပရာဆစ်သည် ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သည်။

တည်ဆောက်မည်

ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းအဖြစ် ပေါ်ထွန်းလာမည့် နေရာတစ်နေရာမှာ ကမ်ပေါ့ပြည်နယ် ကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းဖြစ်သည်။ မြို့တော်ဖနောင်ပင် အနောက်တောင်ဘက် မိုင် ၈၀အကွာရှိ ယင်းကျွန်းတွင် ဗီနီယန်ဆီလာလီမိတက် အမည်ရှိ ကုမ္ပဏီက ဟိုတယ်တစ်လုံး တည်ဆောက်မည်ဖြစ်သည်။

မြို့တော်ဖနောင်ပင် အနောက်တောင်ဘက် ၁၁၅မိုင်အကွာ သီဟာနိုဗီးလ် ကမ်းရိုးတန်းကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းတွင် ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများ တည်ဆောက်ရန် ကမ္ဘောဒီးယားကုမ္ပဏီတစ်ခုနှင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီလေးခုတို့ ခွင့်ပြုချက်ရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများ ဖွံ့ဖြိုးရေး အစီအစဉ်အရ ပြည်တွင်းနှင့်ပြည်ပ ကုမ္ပဏီများသည် ဒေါ်လာ ၆၂၇ သန်း အကုန်အကျခံကာ အပန်းဖြေစခန်းများ တည်ဆောက်သွားမည်ဖြစ်သည်။

အင်တာနက်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ် ကာဂါရီးယားခရိုင်ရှိ ကျေးရွာတစ်ရွာတွင် ရေကြီးနေသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တူရကီအနောက်မြောက်ပိုင်းတွင် ဘိန်းဖြူ ၅၁ကီလို ဖမ်းဆီးရမိ

အန်ကာရာ ဩဂုတ် ၁၇

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၅ ရက်တွင် တူရကီရဲတပ်ဖွဲ့ဝင်များက ဘိန်းဖြူ ၅၁ ကီလိုကို ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

လူကိုးဦးသည် မှောင်ခိုဘိန်းဖြူများကို အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံတို့မှ စပိန်နှင့် ပြင်သစ်နိုင်ငံတို့သို့ မှောင်ခိုထုတ်ရန် တူရကီနှင့် ဘော်လ်ကန်နိုင်ငံများသို့ ဖြတ်သန်းသွားစဉ် ဖမ်းဆီးရမိကြောင်း သတင်းက ဖော်ပြထားသည်။

သတင်းပေးချက်အရ ဘာဆာရဲတပ်ဖွဲ့သည် အနာကွန်ဒါ ဟု အမည်ပေးထားသည့် ဘိန်းဖြူစစ်ဆင်ရေးကို ရှစ်လကြာ ဆောင်ရွက်ပြီးနောက် ဘာဆာပြည်နယ် အနောက်မြောက်ဘက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဘိန်းဖြူမှောင်ခိုကူးသည့် အဖွဲ့ခေါင်းဆောင်မူဟာစ်တင်အိုသည် ၎င်း၏ သူငယ်ချင်းအိမ်၌ ခိုအောင်းနေကြောင်း ရဲတပ်ဖွဲ့က သတင်းရရှိခဲ့ပြီး ဝင်ရောက်ဖမ်းဆီးခဲ့ရာ စပိန်နိုင်ငံသို့ မှောင်ခိုထုတ်မည့် ဘိန်းဖြူကိုပါ ဖမ်းဆီးရမိသည်။ ထို့ပြင် မူဟာစ်တင်အိုနှင့် မသင်္ကာသူနှစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပြင်သစ်နိုင်ငံ ပါရီမြို့ စက်ဘီးအငှားဌာနတွင် စက်ဘီးငှားရန် စောင့်ဆိုင်းနေကြသူများကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုင်ရို လေဆိပ်၌ မြွေများဖမ်းဆီးရမိ

ကိုင်ရို ဩဂုတ် ၁၇

ခရီးဆောင်သေတ္တာအတွင်း မြွေများကိုထည့်ကာ ပြည်ပသို့ ခိုးထုတ်မည့် ဆော်ဒီခရီးသည်တစ်ဦးကို အီဂျစ်နိုင်ငံ ကိုင်ရိုနိုင်ငံတကာလေဆိပ်တွင် ဖမ်းဆီးမိကြောင်း အရှေ့အလယ်ပိုင်းဒေသ သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ ခရီးသည်၏ ခရီးဆောင် သေတ္တာအတွင်း မြွေများကို တွေ့ရှိရသောကြောင့် ကိုင်ရိုနိုင်ငံတကာလေဆိပ်ရှိ လုံခြုံရေးဝန်ထမ်းများ အထိတ်တလန့် ဖြစ်ကြရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ဆယ်ကျော်သက်အရွယ် ကျောင်းသားအများစု မူးယစ်ဆေးဝါးသုံးစွဲကြကြောင်း လေ့လာချက် စစ်တမ်း၌ ဖော်ပြ

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံရှိ ဆယ်ကျော်သက်အရွယ်ကျောင်းသားလူငယ်သန်းပေါင်းများစွာတို့သည် မူးယစ်ဆေးဝါး ပေါပေါများများရနိုင်သော ကျောင်းပတ်ဝန်းကျင်မျိုးတွင် ပညာသင်ကြားရသော အခြေအနေရှိကြောင်း မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုဆိုင်ရာ ဆန်းစစ်လေ့လာသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြပါ အစီရင်ခံစာသည် ဩဂုတ် ၁၆ရက်က ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းလေ့လာမှုကို အမေရိကန်အမျိုးသား မူးယစ်ဆေးဝါး အလွဲသုံးမှုဆိုင်ရာ လေ့လာရေးအဖွဲ့ (ကာဆာ)က ပြုလုပ်ခြင်းဖြစ်သည်။ ထိုလေ့လာမှုအရ အထက်တန်းကျောင်းသားဦးရေ၏ ၃၁ရာခိုင်နှုန်း၊ သို့မဟုတ် ကျောင်းသားလေးသန်းကျော်တို့သည် သီတင်းတစ်ပတ်လျှင် တစ်ကြိမ်မူးယစ်ဆေးဝါးသုံးစွဲကြောင်း စူးစမ်းသိရှိရသည်ဟုဆိုသည်။ အလယ်တန်းကျောင်းသားဦးရေ စုစုပေါင်း၏ ကိုးရာခိုင်နှုန်း သို့မဟုတ် ကျောင်းသားတစ်သန်းတို့သည် သီတင်းတစ်ပတ်လျှင်တစ်ကြိမ် မူးယစ်ဆေးဝါးသုံးစွဲသည်ကို စူးစမ်းသိရှိခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ***

နီပေါ၌ မြစ်ရေလျှံ အိမ် ၅၀၀ ရေနစ်မြုပ်

ခတ္တမန္ဒူ ဩဂုတ် ၁၇

နီပေါနိုင်ငံ အနောက်အလယ်ပိုင်း ဘာဒီယာခရိုင်ရှိ ကျေးရွာအချို့တွင် မိုးသည်းထန်သဖြင့် ကာနလိမြစ်ရေလျှံမှုဖြစ်ပွားရာ အိမ် ၅၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သတင်းဌာနများက ဩဂုတ် ၁၅ ရက်တွင် ဖော်ပြသည်။

ကိုင်ရီချမ်ကျေးရွာနှင့် ဘစ်မာမူကျေးရွာရှိ အိမ်ထောင်စု ၃၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း နီပေါကြက်ခြေနီအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

ဘူရမ်ဘာ-ချိဆာပါနီအဝေးပြေးလမ်းတစ်လျှောက်လည်း ရေလွှမ်းခဲ့သည်။ အူလိုနှင့် ဂျနပဟိမြစ်တို့ ရေလျှံမှုကြောင့် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းကတည်းက ယင်းဒေသများတွင် ခရီးသည်များ သောင်တင်နေကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အသက်ကိုးနှစ်အရွယ် ဟောင်ကောင်ကျောင်းသား တက္ကသိုလ်ဝင်ခွင့်ရရန်လျှောက်ထား

ဟောင်ကောင် ဩဂုတ် ၁၈

တရုတ်နိုင်ငံ ဟောင်ကောင်တွင် ပညာသင်ကြားလျက်ရှိသော ကိုးနှစ်အရွယ် ယောက်ျားလေးတစ်ဦးသည် ပညာရေး၌အရွယ်နှင့်မမျှအောင် ထူးချွန်သည့်ပါရမီရှင်ကလေးဖြစ်သည့်အတွက် တက္ကသိုလ်တွင်သင်္ချာဘာသာ သင်ယူခွင့်ရရန် လျှောက်ထားခဲ့ကြောင်း သိရသည်။

၎င်းကလေးငယ်မှာ မက်ချ်ဘိုဒီဟာ ဂျိုဆိုသူ အင်ဒိုနီးရှားနွယ်ဖွား တရုတ်ကပြားကလေးဖြစ်သည်။ ၎င်းသည် ဟောင်ကောင်တွင်ကြီးပြင်းခဲ့သူဖြစ်ပြီး ယခုအခါ ဂျီစီအီးအေအဆင့်စာမေးပွဲကို ဖြေဆိုထားပြီးဖြစ်သည်။

၎င်း၏လျှောက်လွှာကို ဟောင်ကောင်ရှိ ဘက်ပတစ်တက္ကသိုလ်က လက်ခံရရှိထားပြီး ၎င်းကလေးငယ်၏ အေအဆင့်စာမေးပွဲ ဖြေဆိုချက် အချို့ကိုလည်း ရရှိထားကြောင်းသိရသည်။ တက္ကသိုလ်ဝင်ခွင့် ရ၊ မရကို ယခုအခါ မဆုံးဖြတ်ရသေးသော်လည်း ထိုကိစ္စကိုအလေးအနက်ထားစဉ်းစားရန်ရှိကြောင်း ဘတ်ပတစ်တက္ကသိုလ်မှ ဒုတိယဥက္ကဋ္ဌ ဖန်ယူကွမ်ကပြောကြားသည်။ ***အင်အာအေ၊ဆင်ဟွာ။***

အစ္စရေးနှင့် စစ်မက်ဖြစ်ပွားရန် အစီအစဉ်မရှိဟု ဆီးရီးယားပြောကြား

ဒမတ်စကတ် ဩဂုတ် ၁၇

အစ္စရေးသိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ပြန်လည်ရရှိရေးအတွက် စစ်ရေးအရ တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိကြောင်း ဆီးရီးယားသမ္မတ အယ်လ်-ရှာရာက အင်္ဂါနေ့တွင် ပြောကြားသည်။

မိမိတို့ စစ်မက်တိုက်ခိုက်လိုစိတ် မရှိကြောင်း၊ အစ္စရေး၏ ကျူးကျော်တိုက်ခိုက်မှုကို တုံ့ပြန်ရန် အသင့်ရှိသော်လည်း ဆီးရီးယားကစတင်၍ တိုက်ခိုက်မည်မဟုတ်ကြောင်း အယ်လ်-ရှာရာက ပြောကြားသည်။

အယ်လ်-ရှာရာက အာရပ်ငြိမ်းချမ်းရေး အဆိုပြုချက်ကို ရည်ညွှန်းကာ ပြောကြားခြင်းဖြစ်သည်။ ယင်းအဆိုပြုချက်အရ အစ္စရေးနှင့် သံတမန် ဆက်ဆံရေးထားရှိပြီး ဂိုလန်ကုန်းမြင့်အပါအဝင် ၁၉၆၇ ခုနှစ်က သိမ်းပိုက်ထားသည့် နယ်မြေအားလုံးမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့ အရောင်းပြခန်းတစ်ခု၌ပြသထားသော ရုပ်လျှပ်စစ်ပစ္စည်းကုမ္ပဏီထုတ် အယ်လ်စီဒီ ရုပ်သံဖမ်းစက်တစ်လုံးကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သားငယ် တင်အောင်ကျော်အတွက် မွေးနေ့မင်္ဂလာဆုတောင်း

စင်ကာပူရောက်သားငယ်တင်အောင်ကျော်၏ဩဂုတ် ၁၉ရက် (၁၉–၈–၂၀၀၇)နေ့တွင် ကျရောက်သော မွေးနေ့မှအောင်မြင်သာယာသောဘဝကို ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေ – ဦးသိန်းထွန်း(ဆေးတက္ကသိုလ်–၁)
မေမေ – ဒေါ်ခင်လှရီ(ရွှေအုပ် အပူငြိမ်းဆေး)
မမကြီး – မခင်ချောစု(ခေတ္တ–စင်ကာပူ)
ကိုကိုကြီး – ဒေါက်တာ ဟန်ထွန်းအောင်(ခေတ္တ–စင်ကာပူ)
ညီမလေး – ခင်စန္ဒာ(ခေတ္တ–စင်ကာပူ)
ညီလေး – အေးမင်းကျော်(ခေတ္တ–စင်ကာပူ)

မွေးနေ့ဆုတောင်း

ချစ်သမီးလေး ဟန်နီမောင်၏ (၁၉–၈–၂၀၀၇)ရက်တွင် ကျရောက်သော နှစ်နှစ်ပြည့်မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံ၍ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးအဖြစ် ထာဝရလျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ–ဦးယဉ်လေးမောင်
မေမေ–ဒေါ်အေးအေးမော်
ကိုကို–မောင်ခန့်ညားမောင် S(7)Pre kg ILBC

ဂုဏ်ရည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ

ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက် လေးဖက်နာဆေး၊ အဆီပိုခြင်း၊ အဝလွန်ခြင်းများအတွက် အဆီချေဖျက်ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ် ရောဂါသောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၇၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀ ၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၁/၂၀၀၅၊ တဆထလ/တိုး(၀၂၉၉)

အချိန် ➤ နံနက် ၁၀း၀၀ နာရီ မှ ညနေ ၃း၀၀ နာရီ
နေ့ရက် ➤ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ
ပင်ရင်း ➤ ၈၂/၂၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
တနင်္ဂနွေနေ့ပိတ်သည်။ ☎ ၀၁-၆၄၁၅၀၁
(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)

မီးစက်ဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနအတွက် မီးစက်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အတွက် ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	မီးစက်(100KVA)	၁လုံး

၂။ တင်ဒါပိတ်ရက်မှာ ၂၈–၉–၂၀၀၇ရက်ဖြစ်ပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်ပြီး တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်ငါးထောင်ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။
၃။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်– ၀၆၇–၄၀၉၀၆၁၊ ၀၆၇–၄၀၉၁၆၅။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်ရဲမြတ်သူ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ပဘတ(နိုင်)၀၃၁၅၃၇]နှင့် ကျွန်မ မချိုသဲမောင် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ပဘတ(နိုင်)၀၃၁၁၆၈]တို့သည် ၄–၈–၂၀၀၇ ရက်နေ့တွင် အစ္စလာမ်တရားတော်မြတ်နှင့်အညီ နှစ်ဦးသဘောတူ နေကာပြုလက်ထပ်ပြီးစီးကြောင်းနှင့် ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရှေ့မှောက်တွင်လည်း သဘောတူလက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်ရဲမြတ်သူ–မချိုသဲမောင်

မွေးနေ့ဆုမွန်

ဒေါ်ခင်ဝင်းမြင့်(သမိုင်း)၏နှစ်(၆၀)ပြည့်မွေးနေ့မှနှစ်ပေါင်းများစွာ မိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဗုဒ္ဓတရားဘာဝနာများ ကျင့်ကြံအားထုတ်နိုင်ပါစေ။

ခင်ပွန်း – ဦးဆံနီမောင်(ပထဝီဝင်)
သမီး – စိုးသီရိကျော် (B.Sc., Phy;) Dip; Japan
〃 – ယဉ်သူဇာကျော် (M.R.E.S Bio; Technology)
သား – ဗိုလ်ကြီး နိုင်ထက်ကျော် M.A (Geo) D.S.A
တူမများ – ခင် နှင့် ခင်

အင်တာနက်အားကစားသတင်းများ

ပရီမီယာလိဂ် ပွဲစဉ်(၃) ကျင်းပ ပို့စ်မောက်နှင့်ဝက်စ်ဟမ်း အနိုင်ရ

လန်ဒန် ဩဂုတ် ၁၈

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ကျင်းပသည်။

အင်္ဂလန်တောင်ပိုင်းပို့စ်မောက်မြို့ရှိ ဖရက်တန်ပါ့ခ်ကွင်းတွင် ပို့စ်မောက်အသင်းနှင့် ဘော်လ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာအိမ်ရှင်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန်၁၂မိနစ်တွင် ဘော်လ်တန်အသင်းမှ ပြင်သစ်ဘောလုံးသမား အနယ်လ်ကာက ဂိုးသွင်းနိုင်ခဲ့သော်လည်း နောက်လေးမိနစ် အကြာတွင် ပို့စ်မောက်အသင်းမှ ကာနူးက ချေပဂိုးသွင်းယူနိုင်သည်။

ပွဲချိန်မိနစ် ၃၀ တွင် ပို့စ်မောက်အသင်းမှ ဂျွန်ယူတာကာ ဂိုးသွင်းနိုင်ခဲ့သည်။ နိုင်ဂျီးရီးယားဘောလုံးသမား ယူတာကာသည် စံချိန်တင် အသင်းပြောင်းရွှေ့ကြေးဖြင့် ပို့စ်မောက်အသင်းသို့ ရောက်လာခဲ့သူဖြစ်သည်။ ၎င်းသည် ဘောလုံးသမား အပြောင်းအရွှေ့ရာသီကုန်ဆုံးချိန်တွင် ပြင်သစ်နိုင်ငံရှိ ရေးဆင်းလန်းစ်အသင်းမှ ပို့စ်မောက်အသင်းသို့ ပေါင်ငွေရှစ်သန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။

ပွဲချိန်၈၈မိနစ်တွင် ပို့စ်မောက်အသင်းမှ တေလာက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းခဲ့သည်။

ဩဂုတ် ၁၈ ရက်က ပို့စ်မောက်မြို့ရှိ ဖရက်တန်ပါ့ခ်ကွင်းတွင်ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ ပို့စ်မောက်အသင်းမှ ဂျွန်ယူတာကာ(ဝဲ)နှင့် ဘော်လ်တန်အသင်းမှ နစ်ကီဟန့်တို့အား တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘာမင်ဂမ်–ဝက်စ်ဟမ်း

စိန့်အင်ဒရူးကွင်းတွင် ဘာမင်ဂမ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းအသင်းက ဘာမင်ဂမ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲချိန်မိနစ် ၂၀တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မာ့စ်နိုဘယ်လ်က သွင်းယူခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် လက်ရှိ ဘောလုံးရာသီတွင် ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်သည်။ ယခုပွဲတွင် ကွင်းလယ်ကစားသမား နိုဘယ်လ်မှာ အကောင်းဆုံးဘောလုံးသမားအဖြစ် ကစားနိုင်ခဲ့သည်။

အခြားပွဲ ရလဒ်များ

ရီးဒင်း (၁–၀) အဲဗာတန်
စပါး (၄–၀) ဒါဘီ
ဝီဂန် (၃–၀) ဆန်ဒါလန်း

အင်တာနက်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း မာဒေးကားပွဲယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

မလေးရှားနိုင်ငံတွင် ဩဂုတ် ၂၀ရက်မှ ၂၉ရက်အထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့နံနက် ၇ နာရီခွဲ က လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသန်းဇော် (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူ–ဦးအေးမောင်ကြီး၊ နည်းပြချုပ် – မားကို့စ်အန်တိုနီယိုဖလော်ပါ၊ လက်ထောက်နည်းပြ–ဦးဉာဏ်ဝင်း၊ ဦးကြည်လွင်၊ ဦးအောင်နိုင်၊ ဦးမျိုးချစ်၊ ဆေးမှူး – ဒေါက်တာ အောင်ကျော်ဦး၊ သူနာပြု–ဦးဘကြိုင်၊ ကစားသမား – စိုးမြတ်မင်း၊ မင်းသူ၊ သူရအောင်၊ အောင်မျိုးသန့်၊ ရန်ပိုင်၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ ကျော်ခိုင်ဝင်း၊ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ ဇော်ထက်အောင်၊ မိုးဝင်း၊ အောင်ကျော်မျိုး၊ အောင်မိုး၊ မျိုးမင်းထွန်းနှင့် ထွန်းထွန်းဝင်း စုစုပေါင်း ၂၇ဦး လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်ကစားရမည်

လက်ရှိချန်ပီယံမြန်မာအသင်းသည် (က)အုပ်စုတွင် လီဆိုသို၊ လာအို၊ အိမ်ရှင်မလေးရှားတို့နှင့် အတူပါဝင်နေပြီး (ခ)အုပ်စုတွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဇင်ဘာဘွေနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲအဖြစ် ဩဂုတ်၂၀ ရက်တွင် အာဖရိကမှ လီဆိုသိုအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၂ရက်တွင် မလေးရှား၊၂၅ရက်တွင် လာအိုတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန် မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် လှည်းကူးမြို့နယ်ပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူးနှင့် အင်းစိန်မြို့နယ်များရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားများကို ယမန်နေ့တွင် သက်ဆိုင်ရာ မြို့နယ်များ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများတက်ရောက်ကြသည်။ (သတင်းစဉ်)

မြစ်ရေလျှံမှုကြောင့် ဘီးလင်းမြို့နယ် ရွှေလှေကျေးရွာရှိ အိမ်ထောင်စုအချို့ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရ

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ် သထုံခရိုင်ဘီးလင်းမြို့နယ်၌ ဩဂုတ်၁၇ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံပြီး ဘီးလင်းမြို့နယ် ရွှေလှေကျေးရွာရှိ ရပ်ကွက်အမှတ် (၄)၊(၁၁)၊(၁၂)တို့တွင် ရေအမြင့် လေးပေခန့်မြင့်တက်ခဲ့သဖြင့် အိမ်ခြေ၂၅၀ခန့် ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်းသိရှိရသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဩဂုတ် ၁၈

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၆၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို လက်မခံနိုင်တော့သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင်၁၅ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်းမော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးမြင့်သောင်း၊ ဦးမြဝင်း၊ ဦးမောင်ထွေး၊ ဦးဝင်းနိုင်နှင့် ဦးလွန်းတို့အပါအဝင် ပါတီဝင် ၁၅ဦးတို့သည် ဩဂုတ် ၁၀ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တိုင်းပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့သို့ပေးပို့သော နုတ်ထွက်လွှာတွင်NLD ပါတီ၏ လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ပါတီဝင်အဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လိုခြင်းမရှိသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မကွေး–ပျော်ဘွယ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ် အသစ်တည်မည့် ဘိလပ်မြေစက်ရုံများသို့ ဓာတ်ငွေ့ပို့နိုင်မည်

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံချောင်း ရေနံမြေက ကျင်းပသော ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် ဩဂုတ် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၁၇ ရက်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော မကွေး–ပျော်ဘွယ် (၁၄)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်းလုပ်ငန်းကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေသည့် ရေငံ–ရွာမွန် အပိုင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မကွေး–ပျော်ဘွယ် (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း၏အရှည်သည် စုစုပေါင်း ၈၆ မိုင်ရှိပြီး လုပ်ငန်းပြီးဆုံးပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အသစ်တည်ဆောက်မည့် ဘိလပ်မြေစက်ရုံများသို့ သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းမှတစ်ဆင့် ပို့လွှတ်အသုံးပြုရန်ဖြစ်သည်။

ဝန်ကြီးသည် ယနေ့နံနက် ၇ နာရီတွင် မကွေးတိုင်း ချောက်–ရေနံချောင်း ကားလမ်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေက ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်၌ ချောက်ရေနံမြေ အထွေထွေမန်နေဂျာ ဦးစက်အောင်က ချောက်–ရေနံချောင်း ကားလမ်းဘေး တောင်ကြောလျှိုမြောင်တစ်လျှောက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ကာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** *

ပွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက်စကားရပ် ညီညွတ်စေဖို့ လိုအပ်မှာဖြစ် “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်” လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကြ သဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ကြ သဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ်၊ ဩဂုတ် ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများ အခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် **“စစ်မှန်သောပါတီစုံစနစ် ထွန်းကားရေး”** ဟု လည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီစနစ်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ် **“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”**ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် **“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်”**ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် **“နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”**လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ် (ဂ)နှင့် အပိုဒ်(လ)တို့ရှိ **“စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်”**ဆိုတဲ့ စကားရပ်အစား **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။ လို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

အင်တာနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သတင်း

မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး ကျွဲ၊ နွား အစားအစာသစ် တီထွင်ဖော်ထုတ်မည်

လန်ဒန် ဩဂုတ် ၁၈

ဗြိတိသျှ သိပ္ပံပညာရှင်များသည် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကျွဲ၊ နွား အစားအစာသစ်များကို တီထွင်ဖော်ထုတ်နိုင်ရန် နည်းလမ်းရှာကြံလျက်ရှိကြောင်း၊ သကြားဓာတ်ပမာဏ ပိုမိုပါဝင်သော မြက်များကို စိုက်ပျိုးထုတ်လုပ်ကာ နွားစာအဖြစ် အသုံးပြုခြင်းဖြင့် နွားများ အစာကြေနိုင်ပြီး နွားများက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့နည်းစေနိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

နွားများသည် ပျမ်းမျှ စက္ကန့် ၄၀ လျှင် တစ်ကြိမ်လေတက်လေ့ရှိပြီး မီသိန်းဓာတ်ငွေ့ကို မှုတ်ထုတ်ကြောင်း၊ အစာကြေ လေနိုင်သည့် နွားစာကို ဖန်တီးပေးနိုင်ခြင်းဖြင့် နွားခြံများမှ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့နည်းနိုင်ကြောင်း မြက်ခင်းဒေသနှင့် သဘာဝပတ်ဝန်းကျင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မုတ်သုံလေ အားကောင်းမည်။